ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

မီးသတ်ဦးစီးဌာန

Fire Service Department - MOHAI - NUG

နေ့စဉ်သတင်း

8.1.2023

Fire Service Department
MOHAI-NUG

ဒီပဲယင်းရှိ ကျေးရွာ ၂ ရွာကို စစ်တပ်က မီးရှို့ဖျက်ဆီး၊ ဒေသခံ ပြည်သူများ ရွာလုံးကျွတ် ထွက်ပြေးနေရ

အကြမ်းဖက်စစ်ကောင်စီတပ်က ကလေးမြို့နယ် စက္ကန့်ကျေးရွာမှ နေအိမ် ၈၂ လုံးကို မီးရှို့ဖျက်ဆီး

မီးရှို့ဖျက်ဆီးခံရမှုသတင်း

8.1.2023 စာမျက်နှာ (၂)

စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ် စက္ကန့်ကျေးရွာမှ လူနေအိမ် ၈၂ လုံးကို စစ်ကောင်စီတပ်က မီးရှို့ ဖျက်ဆီးခဲ့ကြောင်း ချင်းအမျိုးသားအဖွဲ့ချုပ်(အထက်ချင်းတွင်းဒေသ)မှ ဇန်နဝါရီလ ၇ ရက်နေ့က ထုတ် ပြန်ထားသည်။

ဇန်နဝါရီလ ၅ ရက်နေ့က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အင်အား ၅၀ ခန့်ရှိသော စစ်ကောင်စီတပ်သားများ စက္ကန့်ကျေးရွာသို့ဝင်ရောက်လာပြီး နေအိမ်ခုနစ်လုံးကို အကြောင်းမဲ့မီးရှို့ခဲ့ကာ ညနေပိုင်းတွင် တောင်ဖီလာရပ်ကွက်ရှိ ဝန်ထမ်းအိမ်ယာသို့ ပြန်လည်ထွက်ခွာသွားကြောင်း ဆိုသည်။

ညပိုင်းတွင် စက္ကန့်ကျေးရွာသို့ လက်နက်ကြီးများဖြင့် ၁၀ ချက်နှင့်အထက် ပစ်ခတ်ခဲ့သောကြောင့် ရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇန်နဝါရီလ ၆ ရက်နေ့နံနက်ပိုင်းတွင် အင်အား ၈၀ ခန့်ရှိသော စစ်ကောင်စီတပ်သားများသည် စက္ကန့်ကျေးရွာသို့ ပြန်လည်ဝင်ရောက်လာပြီး နေအိမ် ၇၅ လုံးကို ထပ်မံမီးရှို့ဖျက်ဆီးခဲ့ပြီး တောင်ဖီလာရပ်ကွက်ရှိ ဝန်ထမ်းအိမ်ယာသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

ယင်းသို့ စစ်ကောင်စီတပ်သားများမှ အကြောင်းမဲ့မီးရှို့မှုကြောင့် ဒေသခံများမှာ နီးစပ်ရာကျေးရွာများနှင့် ကလေးမြို့ပေါ်သို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း ဆိုသည်။

မီးရှို့ခံရသည့် စက္ကန့်ကျေးရွာသည် ချင်းတိုင်းရင်းသားများနေထိုင်သည့်ကျေးရွာဖြစ်ပြီး တောင်သူနှင့် လက်လုပ်လက်စား အများစုဖြစ်ကာ အိမ်ခြေ ၈၀၀ ကျော်နှင့် လူဦးရေ ၃,၈၀၀ ကျော် နေထိုင်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာအနီးမှာ စစ်ကောင်စီတပ်တွေ မိုင်းဆွဲတိုက်ခံခိုက်ရပြီးနောက် ကျေးရွာ ၂ ရွာကို မီးရှို့လို့ နေအိမ် ၄၀ ကျော်ထက်မနည်း မီးလောင်ပျက်စီးသွားတယ်လို့ သိရပါတယ်။

ဇန်နဝါရီလ ၆ ရက် နေ့လယ်ပိုင်းမှာ ကျွန်းလှဘက်ကနေ အင်အား ၁၅၀ ကျော်ပါတဲ့ ခမရ ၃၆၈ တပ်နဲ့ ပျူစောထီး ပူးပေါင်းအဖွဲ့ဟာ ထန်းပင်ကုန်းဘက်ကို စစ်ကြောင်းထိုးလာချိန် ထန်းပင်ကုန်းရွာမရောက်ခင် တောတန်းတစ်နေရာမှာ ဒေသပြည်သူ့ကာကွယ်ရေး ပူးပေါင်းအဖွဲ့တွေက မိုင်းဆွဲတိုက်ခိုက်ခဲ့တယ်လို့ ကျွန်းလှမြို့နယ် ပကဖ တာဝန်ရှိသူက ပြောပါတယ်။

မီးရှို့ဖျက်ဆီးခံရမှုသတင်း

8.1.2023 စာမျက်နှာ (၃)

ဒီပဲယင်းရှိ ကျေးရွာ ၂ ရွာကို စစ်တပ်က မီးရှို့ဖျက်ဆီး၊ ဒေသခံ ပြည်သူများ ရွာလုံးကျွတ် ထွက်ပြေးနေရ

စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်ရှိ ကျေးရွာ ၂ ရွာကို အကြမ်းဖက် စစ်တပ်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဒေသခံ ပြည်သူများက ရန်ကုန်ခေတ်သစ်မီဒီယာသို့ ပြောဆိုသည်။

ဇန်နဝါရီလ ၇ ရက်နေ့ ညနေ ၅ နာရီခန့်တွင် အကြမ်းဖက် စစ်တပ်က ဆပ်ပြာကျင်းရွာနှင့် ဘုတ်ရွာကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံ ပြည်သူများ ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်နေရကာ လက်ရှိချိန်ထိ အကြမ်းဖက် စစ်တပ်က ကျေးရွာ ၂ ရွာ အတွင်း တပ်စွဲထားကြောင်း သိရသည်။

*စစ်ကိုင်းတိုင်း၊ထီးချိုင့်မြို့နယ်၊ ဆားတွင်းရွာအနီးတွင် စစ်တပ်နှင့် ဒေသပြည်သူ့ ကာကွယ်ရေးတပ်များ တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်တပ်က ဆားတွင်း ကျေးရွာ ကို မီးတင်ရှို့နေကြောင်း ဒေသပြည်သူများက ရန်ကုန်ခေတ်သစ် သတင်းဌာန ထံသို့ ပြောဆိုသည်။

ဇန်နဝါရီလ ၇ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန် တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်တပ် က အထိနာသဖြင့် တိုက်ပွဲဖြစ်ပွားရာ အနီးအနားရှိ ကျေးရွာများကို လက်နက် ကြီးများဖြင့် ပစ်ခတ်ဝင်ရောက်ပြီး ရွာကို မီးတင်ရှို့ကြောင်း၊ စစ်တပ်က လက် နက် ကြီးဖြင့် ပစ်ခတ်သဖြင့် သက်ကြီးရွယ်အို အမျိုးသမီးကြီး ၁ ဦး လက်နက်ကြီးထိမှန်၍ သေဆုံးကြောင်း သိရှိရသည်။